# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 4 , 2026 | Volume 99 , Number 3


## မန္တလေးတိုင်းဒေသကြီးမှာ ရာသီအလိုက် သီးနှံဧကပေါင်း သိန်း ၅၀ ကျော် စိုက်ပျိုးထား



၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၌ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရန် လျာထားဧကပေါင်း ၅၄ သိန်း အနက် လက်ရှိတွင် ဧက သိန်း၅၀ ကျော်ကို စိုက်ပျိုးထားနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရပါတယ်။

"တိုင်းဒေကြီးအတွင်းမှာ ရာသီအလိုက်သီးနှံစိုက်ပျိုးမှုဆိုရင် မိုးရာသီမှာ မိုးစပါးအပါ အဝင်မိုးသီးနှံတွေအားလုံးစိုက်ပျိုးပြီးတော့အခုလိုကာလမှာ ရိတ်သိမ်းတယ်။ ဒီလိုပဲ လက်ရှိဆောင်းရာသီမှာလည်း ဆောင်းသီးနှံတွေကိုစိုက်ပျိုးနေတယ်။ဆောင်းသီးနှံစိုက်ပျိုးတဲ့အခါ မျိုးစေ့၊ ရေ၊ မြေ စတဲ့ နည်းစနစ်တွေပေါ် အခြေခံပြီး လိုက်နာဆောင်ရွက်ရမဲ့ အချက်တွေလည်းရှိတယ်။ ဒါတွေကိုလည်းစီစဉ်ဆောင်ရွက်နေပါတယ်"လို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်း မိုးသီးနှံများအဖြစ် စပါး၊ နှမ်း၊ မြေပဲ စသည်တို့ကိုလည်းကောင်း၊ ဆောင်းသီးနှံများအဖြစ် ကုလားပဲ၊ နေကြာ၊ ဂျုံ တို့ကိုလည်းကောင်း၊ နွေသီးနှံများအဖြစ် နွေစပါး၊ နွေနှမ်းစသည့်တို့ကိုလည်းကောင်း စိုက်ပျိုးလေ့ရှိပြီး မြေဧရိယာထက် စိုက်ပျိုးဧက ပိုများနေရခြင်းမှာ သီးထပ်စိုက်ပျိုးခြင်းကြောင့်ဖြစ်ကြောင်း သိရပါတယ်။

လက်ရှိတွင် မိုးနှောင်းဝါများ စိုက်ပျိုးနေဆဲဖြစ်ကြောင်း၊ လျာထားဧက ၁၆၁,၉၁၄ ဧကအနက် ဧကပေါင်း ၁၄၀,၀၀၀ ကျော်ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အလားတူ

၄.၂.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၈၃.၈၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၃.၂၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၈၂.၂၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၇.၉၈ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၄.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၄၃ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ဆောင်းပဲမျိုးစုံ လျာထားကေ ၅၇၀,၀၀၀ ကျော်အနက်မှလည်း လက်ရှိတွင် ကေပေါင်း ၅၃၀,၀၀၀ ကျော်နှင့် ဆောင်းဆီထွက်သီးနှံ လျာထားကေ ၃၇၀,၀၀၀ ကျော် အနက်မှ ကေပေါင်း ၃၁၀,၀၀၀ ကျော်နှင့် စပါးစိုက်ကေ ၄၁၀,၀၀၀ ကျော် စသည့်တို့ကို စိုက်ပျိုးပြီးစီးနေပြီကြောင်းလည်း သိရပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်း စပါး၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် တခြားသီးနှံများကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး သီးနှံအထွက်နှုန်းမြင့်မားကာ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရန် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်းရှိခရိုင်နှင့်မြို့နယ်များမှစိုက်ပျိုးရေးတာဝန်ခံများက တောင်သူများ၏ စိုက်ခင်းများအရောက် ကွင်းဆင်းကာ အသိပညာပေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## တရုတ်နှစ်သစ်ကူးနီးကပ်လာချိန် ဖရဲ၊ သခွားဈေးကွက် အနည်းငယ်ပြန်လှုပ်လာ



တရုတ်နှစ်သစ်ကူးနီးကပ်လာချိန်တွင် နယ်စပ်ဈေးကွက်အတွင်း၌ ဖရဲ၊သခွားများကို တရုတ်ဘက်က အဝယ်လိုက်လာပြီး အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း နယ်စပ်ကုန်သည်အချို့ထံက သိရပါတယ်။

ပြည်တွင်းကထွက်ရှိတဲ့ ဖရဲ၊သခွားများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်ဘက်သို့ တင်ပို့လျက်ရှိရာ ပြီးခဲ့တဲ့ ဇန်နဝါရီလဆန်းပိုင်းအထိ ဈေးကောင်းမရဘဲ အရောင်းအဝယ်အေးခဲ့သော်လည်း အခုဖေဖော်ဝါရီလအတွင်းမှာတော့ အရောင်းအဝယ် အနည်းငယ်ပိုဖြစ်လာတယ်လို့ နယ်စပ်ကုန်သည်တွေက ပြောပါတယ်။


ပုံမှန်ကာလများတွင် ပြည်တွင်းကထွက်ရှိတဲ့ ဖရဲ၊သခွားများကို တရုတ်နှစ်သစ်ကူးပွဲတော်ကာလမတိုင်မီ အချိန်တွေမှာ တရုတ်ဘက်က ဝယ်လိုအားများလေ့ရှိပြီး သစ်သီးအရည်အသွေးကောင်းလျှင် ဈေးကောင်းရလေ့ရှိကြောင်း သိရပါတယ်။

အခုနှစ် ဖရဲ၊သခွားပေါ်ချိန်တွင် ယခင်နှစ်တွေလောက် အရောင်းအဝယ်မကောင်းသလို ဈေးနှုန်းရရှိမှုကလည်း အထွေထွေကုန်ကျစရိတ်များနှင့်နှိုင်းယှဉ်ပါက တွက်ခြေမကိုက်သေးဘူးလို့ ကုန်သည်တွေကဆိုပါတယ်။

လက်ရှိတွင် မူဆယ်နယ်စပ်ဂိတ်မှာ ပိတ်ထားဆဲဖြစ်သည့်အတွက် မိုင်းလား-တာလေ့ဘက်မှတစ်ဆင့် တရုတ်ဘက်သို့ ဖရဲ၊ သခွားများကိုတင်ပို့နေရပြီး အချိန်ကြာမြင့်မှုနှင့်အတူ သယ်ယူပို့ဆောင်စရိတ် ပိုမိုကုန်ကျမှုတွေရှိနေတယ်လို့ သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဖေဖော်ဝါရီလတွင် ကွန်တိန်နာသင်္ဘော ၆၀ စီး ဝင်ရောက်ဆိုက်ကပ်မည်




ဖေဖော်ဝါရီလထဲမှာ နိုင်ငံတကာ ကုန်သေတ္တာတင်သင်္ဘော ၆၀ စင်း ဝင်ရောက်ဆိုက်ကပ်ဖို့ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA) က ကြေညာပါတယ်။

အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင် သင်္ဘောလိုင်း ၁၂ လိုင်းကနေ သင်္ဘောတွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ် ကမ်းတွေဆီ ဆိုက်ကပ်မယ်လို့ ဆိုပါတယ်။

COSCO က ၁၁ စီး၊ SITC က ၈ စီး၊ CMA-CGM ASIA က ၇ စီး၊ ONE က (၆) စီး၊ Ti2 LOGISTIC ၊ SAMUDERA နဲ့ MAESK A/S က ၅ စီးစီ၊ MSC LINE က ၄ စီး၊ EVERGREEN ASIA နဲ့

RCL က ၃ စီးစီ၊ BLPL SHIPPING LINE က (၂) စီးနဲ့ LAND & SEA က ၁ စီး ပါဝင်တယ်လို့ သိရပါတယ်။

နိုင်ငံရဲ့ကုန်သွယ်မှုလုပ်ငန်းများကို ပံ့ပိုးကုန်သွယ်ရေးဖြစ်တဲ့ပင်လယ်ရေကြောင်းကနေပိုမိုဆောင်ရွက်နေတာဖြစ်ပြီး ရန်ကုန်ဆိပ်ကမ်းတွေဆီ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောတွေ လစဉ်ပုံမှန် ဝင်ရောက်ဆိုက်ကပ်လျက်ရှိပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာဆိုရင် နိုင်ငံတကာ ကုန်သေတ္တာတင်သင်္ဘော ၆၃ စင်းအထိ ဝင်ရောက်ဆိုက်ကပ်ခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်ဆိပ်ကမ်းဧရိယာမှာ အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းတံတား ၂၇ စင်း၊ သီလဝါ အပြင်ဘက် ဆိပ်ကမ်းဧရိယာမှာ ဆိပ်ကမ်းတံတား ၁၉ စင်းနဲ့ ဝန်ဆောင်မှုပေးနေပါတယ်။

ပြည်ပကို ပို့ကုန်တွေ တိုးမြှင့်တင်ပို့နိုင်ရေးနဲ့ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်တွေ တိုးမြှင့်တင်သွင်းနိုင်ဖို့အတွက် ကုန်သေတ္တာသင်္ဘောလိုင်းအသီးသီးကနေ ခရီးစဉ်တွေ ပြန်လည်တိုးချဲ့ပြေးဆွဲဖို့ စီစဉ်ထားပါတယ်။

**Source : BETV Business**

## ကျိုက်မရောမြို့နယ်တွင် ဘူးသီးများ ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ




ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာတွင် စီးပွားဖြစ် ဘူးသီးများ စိုက်ပျိုးကြရာ ဈေးကောင်းရသဖြင့် မိသားစုဝင်ငွေရရှိကာ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်သည် ရာသီဥတုကောင်းမွန်ကာ မြေဩဇာကောင်းမွန်လှသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးကို အဓိက စီးပွားရေးအဖြစ် လုပ်ကိုင်ကြရာ ဆောင်းရာသီ သီးနှံတစ်မျိုးဖြစ်သည့် ဘူးသီးကို စီးပွားဖြစ် စိုက်ပျိုး လာကြသည်။

ဘူးသီးစိုက်ပျိုးရာတွင် ဘူးသီးစေ့ကို ပျိုး၍ အညွန့်ထွက်လာလျှင် စင်ပေး၍ စနစ်တကျစိုက်ပျိုးကြပြီး ဘူးသီးပင်သည် အအေးကြိုက်သဖြင့် တစ်ရက်ခြား ရေပေးရကြောင်း အညွန့်များလာသည့်အခါ အသီးမပါသည့် အညွန့်တွေကို ဖြတ်ပြီး သီးသန့် ရောင်း၍ရကြောင်း၊ ဘူးညွန့်မှာလည်း စားသုံးသူအကြိုက်ဖြစ်၍ ဈေးကောင်းရကြောင်း၊ အညွန့်ကြီးတစ်ခုကို ၅၀၀ ကျပ် ရရှိကြောင်း၊ အသီးရှိသည့် အညွန့်ကို စင်တင်ပေးပြီး အသီးကြီး ထွားစေရန် မြေဩဇာအဖြစ် နွားချေးများ ထည့်ပေးရပြီး ပိုးမွှား မကျစေရန် ပိုးသတ်ဆေးလည်း ရက်ခြားဖြန်းပေးရကြောင်း၊ အသီးကောင်းကောင်း သီးလာချိန်တွင် စင်ကောင်းကောင်း ထိုးပေးရကြောင်း၊ ဘူးသီးများကို နှစ်ရက်တစ်ခါခူး၍ တစ်ကြိမ်ခူးလျှင် အနည်းဆုံး အလုံး ၂၀ မှ အလုံး ၃၀ ထိရပြီး တစ်လုံးလျှင် ၃၀၀၀ ကျပ် ရရှိသဖြင့် မိသားစုဝင်ငွေကောင်းနေကြောင်း ဘူးသီးကို စီးပွားဖြစ် စိုက်ပျိုးသူတစ်ဦးထံက သိရသည်။

**Source : DOCA** (မွန်)

## တရုတ်နှစ်သစ်ကူးနီးလာချိန် အီကြေ့မုန့်များ အမှာများနေဟုဆို



တရုတ်နှစ်သစ်ကူးရက် နီးကပ်လာချိန်တွင် အီကြေ့ မုန့်ဖြူ၊ မုန့်နီများ အမှာများနေကြောင်း နေပြည်တော် ပျဉ်းမနားရှိ အီကြေ့မုန့်ပြုလုပ်ရောင်းချသူအချို့ထံမှ သိရပါတယ်။

"ကျွန်မတို့က အီကြေ့မုန့်လုပ်တာ နှစ်ပေါင်း ၄၀ ရှိပါပြီ၊ တရုတ် နှစ်ကူးနီးမှ လုပ်ရောင်းတာပါ။ ဒီအချိန်ဆိုရင် နှစ်ကူးလက်ဆောင်ပေးကြ

တယ်။ အဲဒါကြောင့်နှစ်ကူးနားနီးလာပြီဆိုရင် မှာတဲ့လူအရမ်းများတယ်။တစ်ဦးကို အခု ၄၀-၅၀ မှာ ကြတာ။ ဒီနှစ်လည်း အမှာတွေ အရမ်းများပါတယ်” လို့ ပျဉ်းမနားမြို့မှ အီကြေ့မုန့်ပြုလုပ်ရောင်းချသူတစ်ဦးက ပြောပါတယ်။

နေပြည်တော်ပျဉ်းမနားတွင် အီကြေ့မုန့်ကို အဓိကလုပ်ရောင်းသူများမှာ တရုတ်လူမျိုးများသာဖြစ်ကြပြီး ရိုးရာအစားအသောက်ဖြစ်သည့်အတွက် အမြဲတမ်းပြုလုပ်ရောင်းချသူရှားကာ တရုတ်နှစ်သစ်ကူးနီးမှသာ ပြုလုပ်ရောင်းချသူများလေ့ရှိကြောင်း သိရပါတယ်။

ပြီးခဲ့သည့်နှစ်များက အီကြေ့မုန့်တစ်ခုကို ငွေကျပ် ၈၀၀ ဝန်းကျင်သာရှိသော်လည်း ယခုနှစ်တွင် ပိန်းဥမုန့်အဖြူ တစ်ခုကို ၁၅၀၀ ကျပ်၊ အီကြေ့မုန့်အနီတစ်ခုကို ၁၈၀၀ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ပါကစ္စတန်၏ ဆန်တင်ပို့မှု ၆ လအတွင်း ၆၈ ရာခိုင်နှုန်းကျော်ကျဆင်း



၂၀၂၅ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ၆ လအတွင်း ပါကစ္စတန်နိုင်ငံ၏ ဆန်တင်ပို့မှု သည် ၆၈ ဒသမ၅၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယင်းကာလ၌ ဘာစမာတီဆန် အမျိုးအစား တင်ပို့မှုသည် ၉၃ ဒသမ၂၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု ပါကစ္စတန် ဆန်တင်ပို့သူများအသင်းက ဇန်နဝါရီ ၂၇ ရက်နေ့ ကြေညာချက်ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

ဘာစမာတီဆန် တင်ပို့မှုအပေါ် ကောက်ခံလျက်ရှိသော အခွန်နှုန်းထားကို ၉ ရာခိုင်နှုန်း ဖြတ်တောက်လျှော့ချပေးမည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်အပေါ် အဆိုပါ အသင်းက ချီးကျူးထောမနာပြုခဲ့ပြီး အခြားသော ဆန်အမျိုးအစားများကို တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များသည်လည်း လက်ရှိစည်းကြပ်နေသော အခွန်နှုန်းထားမှ ၃ ရာခိုင်နှုန်း လျှော့ချသက်သာခွင့် ရရှိမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အခွန်နှုန်းထားများ လျှော့ချပြီးပါက ပါကစ္စတန်ဆန်၏ ဈေးနှုန်းများသည် အိန္ဒိယဆန်ဈေးနှုန်းနှင့် တန်းတူညီမျှခြေကို ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း၊ အခွန်နှုန်းထား လျှော့ချမှုသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့မှ စတင်သက်ရောက်ခဲ့ကြောင်း၊ ဆန်တင်ပို့သူများသည် ၂၀၂၆ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ အခွန်သက်သာမှု အခွင့်အရေးကို ရရှိမည်ဖြစ်ကြောင်း ပါကစ္စတန် ဆန်တင်ပို့သူများအသင်းက ဖော်ပြခဲ့သည်။

အဆိုပါအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Malik Faisal က အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် ကြိုဆိုခဲ့ပြီး နိုင်ငံ၏ သမိုင်းမှတ်တမ်းတစ်လျှောက်တွင်ဆန်တင်ပို့သူများအတွက်အစိုးရကအခွန်လျှော့ချသက်သာခွင့်ပေးခြင်းသည် ပထမဆုံးအကြိမ်ပင်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၂၆ ခုနှစ် ဇွန်လဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ဆန်တင်ပို့မှုတန်ဖိုးကို ဒေါ်လာ ၁ ဒသမ၅ ဘီလီယံအထိ ရရှိလိမ့်မည်ဟု ကတိပြုကြောင်း ပြောကြားခဲ့သည်။

ပို့ကုန်လုပ်ငန်းရှင်များ၏ အဆိုအရ ယခုကဲ့သို့ဆွဲဆောင်မှုသည် ဆန်တင်ပို့မှုအဆင့်ကို မြင့်တက်လာစေမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

**Source:ARYNews,Jan27,2026**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## မလေးရှား စားအုန်းဆီဈေးနှုန်း ၃ လအတွင်း အမြင့်ဆုံးသို့ မြင့်တက်



မလေးရှားနိုင်ငံ၊ ဘာဆာမလေးရှား ဆင့်ပွားစတော့ဈေးကွက်၌ ဧပြီလတွင်တင်ပို့ရောင်းချမည့် စားအုန်းဆီ ကြိုတင်အရောင်းစာချုပ်အတွက် စံပြုဈေးနှုန်းသည် ဇန်နဝါရီ ၂၉ ရက်နေ့၌ မက်ထရစ် တစ်တန်လျှင် ယခင်နေ့ထက် ၄၆ ရင်းဂစ် တစ်နည်းအားဖြင့် ၁ ဒသမ၀၈ ရာခိုင်နှုန်း ပိုမိုလျက် ရင်းဂစ်ငွေ ၄၃၁၈ နှုန်း (တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၀၀ ဒသမ၁၃ နှုန်း) သို့ရောက်ရှိပြီး ၂၀၂၅ခုနှစ်အောက်တိုဘာလ ၂၇ ရက်နေ့နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းအဖြစ် ဈေးကွက်ပိတ်သိမ်း ခဲ့သည်။

ထိုကဲ့သို့ ဈေးကွက်ဖွင့်လှစ်ရောင်းချမှု ၄ ကြိမ်ဆက်တိုက် မြင့်တက်လာခြင်းသည် ကုန်စည် ဈေးနှုန်းများဖြစ်သော ရေနံစိမ်းဈေးနှုန်းနှင့် တရုတ်နိုင်ငံ Dalian ဈေးကွက်ရှိ ပဲပုပ်ဆီဈေးနှုန်းများ ခိုင်မာခြင်းကြောင့်ဖြစ်ကြောင်း၊ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်ထိ ကျင်းပမည့် ဈေးကွက်အလားအလာ ညီလာခံဆွေးနွေးပွဲတွင်လည်း ဈေးနှုန်းများ ဆက်လက်မြင့်တက်မည့် ဈေးကွက်ခန့်မှန်းချက်များထွက်ပေါ်ဖွယ်ရှိကြောင်းကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောဆိုခဲ့သည်။

Dalian ဈေးကွက်တွင် အရောင်းအဝယ်အသွက်ဆုံးဖြစ်သော ပဲပုပ်ဆီ၏ ကြိုတင်အရောင်း စာချုပ်ဈေးနှုန်းသည် သုည ဒသမ ၈၉ ရာခိုင်နှုန်း မြင့်တက်လာချိန်၌ စားအုန်းဆီ စာချုပ်ဈေးနှုန်းမှာ ၁ ဒသမ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

ချီကာဂို ကုန်သွယ်မှုဘုတ်အဖွဲ့ စတော့ဈေးကွက်တွင် ပဲပုပ်ဆီ ဈေးနှုန်းများသည် သုည ဒသမ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသရှိ အဓိကရေနံထုတ်လုပ်သည့် အီရန်နိုင်ငံအပေါ် အမေရိကန်၏ စစ်ရေးအရ တိုက်ခိုက်မှု လုပ်ဆောင်ဖွယ်ရှိပါက အဆိုပါဒေသတွင်းမှ ရေနံထုတ်လုပ်ပေးသွင်းမှုကို ထိခိုက်နိုင်ခြေရှိမည့်အရေး စိုးရိမ်မှုများ မြင့်မားလာလျက်ရှိပြီး ရေနံစိမ်းဈေးနှုန်းများသည် တတိယမြောက်နေ့ရက်အဖြစ် ဇန်နဝါရီ ၂၉ ရက်နေ့၌ ၁ ဒသမ၅ ရာခိုင်နှုန်း ဆက်လက်မြင့်တက် ခဲ့သည်။

ရေနံစိမ်း ကြိုတင်အရောင်းဈေးနှုန်းများ ခိုင်မာအားကောင်းလာခြင်းက ဇီဝဒီဇယ်ဆီထုတ်လုပ်မှုသို့ ကုန်ကြမ်းပေးသွင်းရန် ရွေးချယ်မှုတစ်ရပ်အဖြစ် စားအုန်းဆီကို ပိုမိုဆွဲဆောင်နိုင်မှု ဖြစ်ပေါ်စေလျက်ရှိသည်။

**Source:NewStraitsTimes,29Jan2026**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## STOCK EXCHANGE (4.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Feb. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 43,671 (Shares) | 163,174,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 1,109 | 9,315,600 | 33,109,694 | 278,121 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,800 | 3,800 | 3,800 | 5,667 | 21,534,600 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,850 | 2,800 | 3,060 | 8,568,500 | 29,664,613 | 83,061 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,250 | 3,250 | 3,200 | 24 | 77,800 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 2,188 | 3,510,200 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 1 | 4,100 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Feb. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 414.57 | +1.03 | +0.25% | 414.57 | 415.36 | 414.04 | 12,049 | 43,010,800 | 8 | 781,962 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:30 am, 5th Feb. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,577 (Shares) | 20,007,350 (MMK) |

| MYANPIX | 414.57 ▲ 0.00 |
|---|---|
| Total Volume (shares) | 5,577 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 781,962 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 2,800 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,050 | ▲ 0 |